HARVARD Kennedy School
ASH CENTER
for Democratic Governance
and Innovation

David Dapice
79 John F. Kennedy Street, Box 74
Cambridge, Massachusetts 02138
617-495-1134
david_dapice@harvard.edu
www.ash.harvard.edu/myanmar-program

# မြန်မာနိုင်ငံ စည်းလုံးညီညွတ်ရေး ပြည်တွင်း၊ ပြည်ပ စိန်ခေါ်ချက်များ

ဆွေးနွေးမှုများအတွက် အခြေခံအဖြစ် ရည်ရွယ်ထားသည့် ဤစာတမ်းကို
မြန်မာနိုင်ငံရှိ Proximity Designs အဖွဲ့အတွက် ရေးသားပြုစုသည်။

နိုဝင်ဘာ (၂၂) ရက်၊ (၂၀၁၆)ခုနှစ်

ဤမူဝါဒဆိုင်ရာ စာတမ်းကို David Dapice (David _Dapice@harvard.edu)က (၂၀၁၆)ခုနှစ်၊ ဇန်နဝါရီနှင့် ဇူလိုင်လများတွင် ဒေသတွင်း ကွင်းဆင်းသုတေသနများပြုလုပ်ပြီးနောက် ရေးသား ပြုစုထားသည်။ *စာတမ်းပါ သုံးသပ်ချက်များသည် စာတမ်းရှင်၏ ပုဂ္ဂလိက အမြင်သာဖြစ်ပြီး Proximity၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ဟားဗတ်တက္ကသိုလ်တို့၏ ယူဆချက်များနှင့် ကွဲပြားမှုရှိနိုင်ပါသည်။ ယခုစာတမ်းတွင် ဆွေးနွေးထားသည့် အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များအား ကိုယ်တိုင်ပြုလုပ်ရမည့် မြန်မာနိုင်ငံသားများအကြား ဆွေးနွေး ညှိနှိုင်းမှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။* ယခုစာတမ်း အပါအဝင် မကြာမီက ရေးသားပြုစုခဲ့သော Ash – Proximity တို့မှ ပူးတွဲထုတ်ဝေသည့် မြန်မာနိုင်ငံဆိုင်ရာ စာတမ်းများကို http://ash.harvard.edu/journal-articles တွင် ဖတ်ရှုနိုင်ပါသည်။

## မာတိကာ

နောက်ခံ အကြောင်းအရာ ........ 3

ဘာသာကိုးကွယ်မှု၊ တိုင်းရင်းသား လူမျိုးစုပေါ် အခြေခံခြင်းမဟုတ်ဘဲ တရားဥပဒေအပေါ် မူတည်သည့် နိုင်ငံသားဖြစ်ပိုင်ခွင့်အတွက် အခြေခံအုတ်မြစ် စည်းမျဉ်းစည်းကမ်းများ........ 4

သဘာဝသယံဇာတများကြောင့်ဖြစ်သည့် ပဋိပက္ခများ - စည်းလုံးညီညွတ်မှုအတွက် အဟန့်အတားများ7

ဘာသာရေးနှင့် စပ်လျဉ်း၍ . . . ........ 9

ရှုပ်ထွေးနေသည့် ပြဿနာများကို ရှင်းလင်းခြင်း........ 11

ဖြည်းဖြည်းဖြတ်သန်း ဒီမိုကရေစီ သွားရာလမ်း........ 17

နောက်ဆက်တွဲ (က) - စာချုပ်အမျိုးအစားအပေါ် မူတည်၍ မြန်မာနိုင်ငံရရှိနိုင်သည့် ရေအားလျှပ်စစ်မှ ဝင်ငွေများ ........ 21

နောက်ဆက်တွဲ (ခ) – (၁၉၈၂) ခုနှစ်မှစ၍ မြန်မာနိုင်ငံလူဦးရေ ဘာသာကိုးကွယ်မှုအလိုက် အချိုး... 22

နောက်ဆက်တွဲ (ဂ) - မြန်မာနိုင်ငံ၏ နိုင်ငံရေး အခင်းအကျင်း........ 23

## နောက်ခံ အကြောင်းအရာ

မြန်မာနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ထိုးခဲ့သည့် တစ်နှစ်ပြည့်သည့် အချိန်တွင် တိုင်းရင်းသားပဋိပက္ခနှင့် ဘာသာရေးဆိုင်ရာ အငြင်းပွားမှုများက ဆက်လက်အမြစ်တွယ်နေမြဲ ဖြစ်ပါသည်။ တပ်မတော်က ဩဇာကြီးနေမြဲဖြစ်ပြီး ဒီမိုကရေစီစနစ်မှ ရရှိခဲ့သည့် အသီးအပွင့်များစွာတို့ကိုလည်း တစ်ဆစ်ချိုးပြန်လှည့်စေနိုင်သည့် အစွမ်းရှိနေပါသည်။ အပစ်ခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားအုပ်စုများက အစိုးရသစ်ကို သကာ်မကင်း ဖြစ်နေပြီး တပ်မတော်နှင့်လည်း တစ်ခါတစ်ရံတွင် စစ်မက်ဆက်လက်တိုက်ခိုက်ကြလျက် ရှိသည်။ ယခုလက်ရှိ ရရှိနေသည့်၊ ထို့အပြင် နောင်အနာဂတ်တွင် ရရှိနိုင်သည့် မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော သတ္တုသယံဇာတများနှင့် ရေအားလျှပ်စစ် အကျိုးခံစားခွင့်၊ စီမံခွင့်များနှင့် သက်ဆိုင်သည့် သဘောထားကွဲလွဲမှုများသည် နိုင်ငံတော် စည်းလုံးညီညွတ်မှု ရရှိရေးအတွက် အတားအဆီးများ ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သုံးစွဲမှုများက ဒေသအတော်များများတွင် ပြန့်နှံ့နေသည့် ပြဿနာဆိုးကြီးများ ဖြစ်သည်။ မူးယစ်ဆေးစွဲသူ လူငယ်အချိုးအစားမှာ ကြောက်ခမန်းလိလိ ဖြစ်ပြီး ထိုအရေအတွက်မှာ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ပိုမိုဆိုးဝါးပါသည်။ ဘာသာရေး ပဋိပက္ခမှာ နိုင်ငံအတွက် ကြီးလေးလှသည့်၊ ရင်ဆိုင်ဖြေရှင်းရမည့် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေဆဲဖြစ်ပြီး တိုင်းတစ်ပါးမှ ဝင်ရောက်ပါဝင်လာမည့် အခြေအနေကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်သည်။ ဘာသာရေး တင်းမာမှုများ၊ အကြမ်းဖက်မှုများမှာလည်း နိုင်ငံအတွက် အလေးထားရမည့် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ပါသည်။ တောင်သူငယ်များပိုင်သော မြေယာများနှင့် (ရိုးရာဓလေ့အရ) ရပ်ရွာပိုင်မြေယာများ တရားလက်လွတ် သိမ်းဆည်းခံခဲ့ရမှုများရှိပြီး မြေယာပိုင်ဆိုင်ခွင့် လုံခြုံနိုင်မှု မရှိခြင်းက စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုကို နှောင့်နှေးစေလျက် ရှိပါသည်။

နိုင်ငံခြားဆက်ဆံရေး မူဝါဒဘက်တွင် အင်အားပိုကောင်းလာသည့် တရုတ်နိုင်ငံက ၎င်း၏ နယ်နိမိတ်နှင့် ထိစပ်နေသော နယ်စပ်ဒေသများသာမက မြန်မာနိုင်ငံ အတွင်းပိုင်းကျသည့် ဒေသများတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင်ပါ ထဲထဲဝင်ဝင် ပတ်သက်လိုသည်ဟုလည်း ပြောကြားထားပါသည်။ အစိုးရအသစ်အနေဖြင့် အခြေအနေအရပ်ရပ်အား မည်သို့ ထိန်းကျောင်းကိုင်တွယ်ရမည်ကို နည်းလမ်းရှာနေဆဲတွင် မျှော်လင့်ချက်ကြီးသည့် ပြည်သူလူထုကလည်း တိုးတက်ပြောင်းလဲမှု လက္ခဏာများကို စောင့်စားနေကြပါသည်။

ထိုကဲ့သို့ အကြောင်းအရာများစွာကို ကိုင်တွယ်ရာတွင် လူပုဂ္ဂိုလ်တစ်ဦးမှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုမှဖြစ်စေ၊ အစိုးရတစ်ခုမှဖြစ်စေ အချို့ကိစ္စများကို မဖိတ်မစင်စေဘဲ အားလုံးကို အသေအချာ ကိုင်တွယ်နိုင်ပါမည်လော။

ယခုစာတမ်းတွင် တင်ပြလိုသည့် အကြောင်းအရာမှာ မြန်မာနိုင်ငံ လက်ရှိရင်ဆိုင်နေရသည့် ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ၎င်းတို့ကို သုံးသပ်ရာတွင် ပြဿနာအစုအဝေးကြီးတစ်ရပ်၏ အစိတ်အပိုင်းများအဖြစ် လွှမ်းခြုံရှုမြင် သုံးသပ်ရန် လိုအပ်ကြောင်းပင် ဖြစ်ပါသည်။

## ဘာသာကိုးကွယ်မှု၊ တိုင်းရင်းသား လူမျိုးစုပေါ် အခြေခံခြင်းမဟုတ်ဘဲ တရားဥပဒေအပေါ်မူတည်သည့် နိုင်ငံသားဖြစ်ပိုင်ခွင့်အတွက် အခြေခံအုတ်မြစ် စည်းမျဉ်းစည်းကမ်းများ

အချို့သောနိုင်ငံများသည် မိမိတို့၏ အမျိုးသားရေးလက္ခဏာကို ကိုးကွယ်သည့် ဘာသာတစ်ခုတည်း၊ သို့မဟုတ် တိုင်းရင်းသားလူမျိုးစုတစ်ခုတည်း အပေါ်မူတည်၍ သတ်မှတ်ကြသည်။ အချို့နိုင်ငံများကမူ ထိုထက်ကျယ်ပြန့်သည့် အချက်များအပေါ် မူတည်၍ အမျိုးသားရေးလက္ခဏာ၊ နိုင်ငံသားဖြစ်ခွင့်ကို သတ်မှတ်ကြပါသည်။ ဒုတိယအမျိုးအစားတွင် ဘာသာတရား၊ လူမျိုးနွယ်စု ကွာခြားမှုများ ရှိသည့်တိုင် နိုင်ငံနယ်နိမိတ်အတွင်း မွေးဖွားလာသည့် မည်သူမဆို၊ သို့မဟုတ် နိုင်ငံသားခံယူထားသည့် မည်သူမဆို နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ ဂျာမဏီနိုင်ငံကို နာဇီဝါဒီများ အုပ်ချုပ်စဉ်က ပထမနည်းလမ်းကို ကျင့်သုံးပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကမူ ဒုတိယနည်းကို ကျင့်သုံးသည်။ ပါကစ္စတန်နိုင်ငံတွင်မူ ဥပဒေကြောင်းအရ ဘာသာရေး၊ တိုင်းရင်းသားရေး တန်းတူညီမျှမှု ရှိသည်။ သို့သော်လည်း ဘာသာရေးအစွန်းရောက်များက လက်သင့်ခံနိုင်သည့် နိုင်ငံသားများသည် အစ္စလာမ်ဘာသာဝင်များဖြစ်ရမည်ဟု အမြင်ကျဉ်းမြောင်းစွာ လှုံ့ဆော်သောကြောင့် အခြားဘာသာကိုးကွယ်သူများမှာ အဖမ်းဆီးခံရ၊ ဖုံးခွဲဖျက်ဆီးခံရ၊ သို့မဟုတ် မိမိတို့၏ အိမ်များနှင့် စီးပွားရေးလုပ်ငန်းများ မီးရှို့ခံရပြီး စွန့်ခွာထွက်ပြေးကြရသည်။ ဆူဒန်နိုင်ငံ၊ ဒါဖောမှ ပဋိပက္ခများ၏ အဓိကအကြောင်းအရင်းမှာ ဘာသာရေးမဟုတ်ဘဲ တိုင်းရင်းသား လူမျိုးနွယ်စုများအကြားဖြစ်ပြီး လူမျိုးစုအမြစ်ဖြုတ်သုတ်သင်ရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပင် ပြုလုပ်နေကြသည်။ ဘာသာရေး အခြေခံသည်ဖြစ်စေ၊ လူမျိုးရေးအခြေခံသည်ဖြစ်စေ ထိုနှစ်နိုင်ငံလုံးမှ နောက်ဆုံးရလာဒ်များမှာ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်သည့်ကိန်း ဆိုက်ခဲ့ပါသည်။

(၁၉၄၇) ခုနှစ်တွင် ရေးထိုးခဲ့သည့် ပထမပင်လုံစာချုပ်ကို ထိုခေတ်အခြေအနေများနှင့်အညီ ရေးဆွဲခဲ့သည်။ ထိုစာချုပ်အရ တိုင်းရင်းသားအုပ်စုများအနေဖြင့် တစ်စုတစ်စည်းတည်း ဖွဲ့စည်းထားသည့် ပြည်ထောင်စုကို လက်သင့်မခံနိုင်ပါက မိမိကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အတိုင်းအတာတစ်ခုအထိ ရယူရွေးချယ်နိုင်ခွင့် ရှိသည်။ သို့သော်လည်း ထိုအချိန်နောက်ပိုင်းတွင်မှ ဖြစ်ပေါ်လာခဲ့သည့် သမိုင်းကြောင်းက ပထမပင်လုံစာချုပ်ကို ဆွေးနွေးသဘောတူခဲ့သည့် အခြေအနေများကို ပြောင်းလဲခဲ့ပါသည်။ တရုတ်နိုင်ငံက အင်အားတောင့်တင်းလာပြီး ၎င်း၏ဩဇာအာဏာကို ပိုမိုချဲ့ထွင်လာခဲ့သည်။ အခြေခံအဆောက်အဦများနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများက ဝေးကွာနေသည့် ဒေသများနှင့် လူသားများကို နီးကပ်လာစေခဲ့ပါသည်။ ထို့အတူ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်ကလည်း တစ်လုံးတစ်ဝေါင်းတည်း ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်

အချုပ်အခြာအာဏာခိုင်မာပြီး အမှန်တစ်ကယ် လွတ်လပ်သည့် နိုင်ငံအဖြစ် ဆက်လက်တည်မြဲလိုပါက ပြည်တွင်းတွင် စည်းလုံးညီညွတ်ရန် လိုအပ်ပါသည်။

ပြည်တွင်းဒေသ တစ်ခုနှင့်တစ်ခုအကြား ပြောင်းရွှေ့အခြေချမှုများ အလွန်များသောကြောင့် တိုင်းရင်းသားလူမျိုးစုအပေါ် အခြေခံသည့် နိုင်ငံသားစနစ်ကို အသုံးပြုပြီး ပြည်နယ်များကို သတ်မှန်ရန်မှာ မဖြစ်နိုင်ပါ။ ကချင်ပြည်နယ်တွင် နေထိုင်သူများအနက် ကချင်လူမျိုးများမှာ တစ်ဝက်ပင် မရှိခြင်းသည် ထိုအချက်ကို ထောက်ပြနေပါသည်။ သို့သော် ဥပမာအားဖြင့် ရှမ်းပြည်နယ်ကို ငွေကြေးစနစ်နှင့် နိုင်ငံခြားဆက်ဆံရေး မူဝါဒတို့မှအပ မိမိဒေသနှင့် သက်ဆိုင်သည့်အရေးများအား စီမံခန့်ခွဲခွင့် ပေးနိုင်ပြီး ထိုသို့အုပ်ချုပ်မှု လုပ်ငန်းများကို သေသေချာချာ လုပ်ဆောင်နိုင်ရန်လည်း လုံလောက်သည့် အသုံးစရိတ်ပေးရပါမည်။ အကယ်၍ မန္တလေးတိုင်းဒေသကြီးတွင် နေထိုင်နေသူတစ်ဦးက ရှမ်းပြည်နယ်သို့ ပြောင်းရွှေ့မည်ဆိုပါက ခွဲခြားဆက်ဆံရခြင်း မရှိသင့်ဘဲ ရှမ်းဒေသဖွား လူမျိုးစုများ ရရှိနေသည့် အခွင့်အရေးများနှင့် အကျိုးအမြတ်များအားလုံးကို တန်းတူရရှိနိုင်ရပါမည်။ အလားတူပင် ရှမ်းပြည်ဖွား တစ်စုံတစ်ဦးအဖြင့် မန္တလေး၊ သို့မဟုတ် ရန်ကုန်သို့ သွားရောက်နေထိုင်မည်ဆိုပါက ထိုမြို့ကြီးများတွင် ဒုတိယတန်းစား နိုင်ငံသားအဖြစ် ခွဲခြားဆက်ဆံခံရခြင်း မရှိစေရပါ။ နိုင်ငံသားများနှင့် တရားဝင်နေထိုင်ခွင့် ရထားသူများအားလုံး ယေဘုယျအားဖြင့် နိုင်ငံတစ်ဝန်း လွတ်လပ်စွာသွားလာခွင့် ရှိခြင်းသည် နိုင်ငံတော်၏ ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် မလှခဲ့ပါ။ ထို့ကြောင့်ပင် တပ်မတော်အပါအဝင် ဗဟိုအစိုးရနှင့် တိုင်းရင်းသားပြည်နယ်များအကြား လုံခြုံရေးဆိုင်ရာ သဘောတူနားလည်မှုနှင့် မူဝါဒများကို ညှိနှိုင်းဖော်ဆောင်ရန် လိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် တည်ငြိမ်မှုကို လိုအပ်သည့်တိုင် မလိုအပ်ဘဲ လက်နက်ကိုင်တပ်ဖွဲ့များ နေရာချထားခြင်းကို ရှောင်ကြဉ်ရမည်ကိုလည်း သဘောက်ပေါက်ရပါမည်။

တပ်မတော်နှင့် မြန်မာနိုင်ငံသားများအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသည့် လူဦးရေ တစ်သန်းကျော်ရှိသည့် မူဆလင်ဘာသာဝင်များကို လူမျိုးစုအမြစ်ပြတ်စေရန် ရည်ရွယ်ချက်ဖြင့် ရှင်းလင်းမည်ဆိုပါက အကြမ်းဖက်ခြင်း၊ အစာရေစာ ပြတ်လတ်စေခြင်း၊ စိတ်ဓါတ်ချုံးချုံးကျစေရန် လုပ်ဆောင်ခြင်း အစရှိသည့် နည်းလမ်းများကို အသုံးပြု၍ ထွက်ခွာသွားစေရန် နှင်ထုတ်နိုင်ပါသည်။ သို့သော် ထိုအပြုအမူများသည် မြန်မာနိုင်ငံသည် မည်သို့သောနိုင်ငံဖြစ်သည်ဆိုသည်ကို မှတ်ကျောက်တင်သွားပါလိမ့်မည်။ ထိုနည်းက မြန်မာနိုင်ငံကို ပါကစ္စတန်၊ သို့မဟုတ် ဆူဒန်နိုင်ငံနှင့် အလားတူနိုင်ငံများ၏ လမ်းကြောင်းပေါ်သို့ ရောက်စေမည်ဖြစ်ပြီး (ပိုမိုမျှတသော) အင်ဒိုနီးရှားနိုင်ငံ၏ ပုံစံမှလည်း ခွဲခြားပြီး ဖြစ်ပါမည်။

ဤအခြေအနေတွင် မည်သည့်တိုင်းရင်းသားအုပ်စုကမျှ စိတ်ချလက်ချနေနိုင်လိမ့်မည် မဟုတ်ပါ။ ရခိုင်ပြည်နယ်မှ မူဆလင်များကို အစဖျောက်နိုင်ပါက အခြားဒေသမှ ခရစ်ယာန်ဘာသာဝင်များကို ကိစ္စတုံးလုပ်နိုင်လာလိမ့်မည်ဟုလည်း မေးခွန်းထုတ်ဖွယ်ရှိပါသည်။ "ရိုဟင်ဂျာ"ဟု မိမိတို့ဘာသာ သမုတ်သူများကို တရားဝင်ရပ်တည်ခွင့် မပေးပါက အခြားတိုင်းရင်းသားအုပ်စုများသည် လက်ရှိတွင် တရားဝင်နေသည့်တိုင်

နောင်တွင် ၎င်းတို့ကိုလည်း ပစ်မှတ်ထားခွဲခြားဆက်ဆံမှု မရှိဟု မဆိုနိုင်ပါ။ ဗမာလူမျိုးများ ကြီးစိုးမှု၊ သို့မဟုတ် အားကောင်းမှုကို ပန်းတိုင်အဖြစ် ရည်ရွယ်ပါက မြန်မာနိုင်ငံသည် နိုင်ငံတစ်ရပ်အနေနှင့် ကျဆုံးပါလိမ့်မည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် လက်ရှိကျင့်သုံးနေသည့် မူဝါဒများက ထိုလမ်းကြောင်းပေါ်သို့ ညွှန်ပြနေပါသည်။ အတင်းအကြပ်စီမံထားခြင်းမဟုတ်ဘဲ ဒေသအသီးသီးမှ လိုလိုလားလားပါဝင်သည့် စည်းလုံးညီညွတ်မှုသည် နိုင်ငံလုံးဆိုင်ရာ အမျိုးသားစည်းလုံးညီညွတ်မှုအတွက် လိုအပ်ပါသည်။ ထိုအချက်အတွက် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်နယ်များ၏ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရာတွင် ဘာသာကိုးကွယ်မှု၊ လူမျိုးနွယ်စုအပေါ် မူတည်မှုမရှိမှသာ ဖြစ်နိုင်ပါလိမ့်မည်။

အထက်ဖော်ပြပါ သတ်မှတ်ချက်မှာ အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များတွင် မဖြစ်မနေလိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်များကို အင်အားအကောင်းဆုံး တိုင်းရင်းသားမျိုးနွယ်စုဝင် တစ်ခုစီအပေါ်သာ အခြေခံ၍သတ်မှတ်ပါက ထိုဒေသအသီးသီးတွင် နေထိုင်လျက်ရှိသည့် လူဦးရေပိုနည်းသည့် အခြားတိုင်းရင်းသားများက (ဥပမာ ကချင်ပြည်နယ်တွင် နေထိုင်လျက်ရှိသော ရှမ်းတိုင်းရင်းသားများက) မိမိတို့အဖြင့် ဖယ်ကြဉ်ခံရမည်ကို စိုးရိမ်လျက်ရှိသောကြောင့် ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းသည်ဆိုရာတွင် သဘာဝသယံဇာတများမှ ရရှိသည့် ဝင်ငွေများနှင့် အစိုးရအုပ်ချုပ်မှု လုပ်ငန်းများကိုပါ အတိုင်းအတာ တစ်ခုအထိ ဗဟိုချုပ်ကိုင်မှုလျှော့ချရန်လည်း လိုပါသည်။

နောက်ဆက်တွဲ (ဂ)မှ သရုပ်ပြပုံတွင် မြန်မာနိုင်ငံရှိ ဩဇာအာဏာကြီးမားသည့် အုပ်စုများကို ဖော်ပြထားပါသည်။ ၎င်းတို့အတွက် အရေးကြီးသည့် အချက်များနှင့် အချင်းချင်းအကြား ဆက်ဆံမှုများသည် - ဗဟိုအစိုးရနှင့် တိုင်းရင်းသားအုပ်စုများအကြား တင်းမာမှုများ ဆက်လက်ရှိနေမည် သို့မဟုတ် ပျောက်ကွယ်သွားမည်၊ ဘာသာရေးကိုးကွယ်မှုက နိုင်ငံတွင်းသဘောထားကွဲပြားမှုများကို ဆက်လက်ဖြစ်ပေါ်စေလိမ့်မည်၊ သဘာဝသယံဇာတများမှ ရရှိသည့် ဝင်ငွေများကို ပြည်တွင်းစည်းလုံးညီညွတ်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှုအတွက် အသုံးချနိုင်မည် သို့မဟုတ် ဩဇာအာဏာရှိသော်လည်း နိုင်ငံအတွက် အကျိုးဆောင်ရွက်မှု မရှိသည့် အုပ်စုများကသာ ရရှိမည် - စသည့် အချက်များကို အဆုံးအဖြတ်ပေးပါလိမ့်မည်။

ရှေ့ဆက်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ ပူးပေါင်းဆောင်ရွက်ရန်နှင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းရန်သာ ရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံမှ အရေးပါသည့် အုပ်စုအတော်များများက မိမိတို့ဆက်သွားရာလမ်းအတွက် အထက်ပါနည်းလမ်းကို မလိုလားကြပါ။ အများစုက မိမိတို့ လိုလားသည့် အရာများအားလုံးကို လုံးဝဥဿုံအနိုင်ရသည့် အဆုံးသတ်ကိုသာ မျှော်လင့်နေကြပါသည်။

## သဘာဝသယံဇာတများကြောင့်ဖြစ်သည့် ပဋိပက္ခများ - စည်းလုံးညီညွတ်မှုအတွက် အဟန့်အတားများ

တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်များသည် မြန်မာနိုင်ငံအကျယ်အဝန်း၏ တစ်ဝက်ခန့်ရှိပါသည်။ ထိုဒေသများတွင် မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်သာ နေထိုင်ကြသော်လည်း နိုင်ငံ၏ တွင်းထွက်သတ္တုများနှင့် ရေအရင်းအမြစ် အများစုတည်ရှိရာ ဖြစ်ပါသည်။

မျက်မှောက် တိုင်းရင်းသားပဋိပက္ခများသည် (၁၉၄၇) ခုနှစ် ပင်လုံညီလာခံ သဘောတူညီချက်များကို မသိကျိုးကျွန်ပြုခဲ့မှုအပေါ် မြစ်ဖျားခံခဲ့သည်။ ထိုသဘောတူညီချက်များအတိုင်းသာ လိုက်နာခဲ့ပါက ဗမာလူမျိုးများ ကြီးစိုးသော တစ်သွေးတစ်သံ ပြည်ထောင်စုမျိုးမဟုတ်ဘဲ တိုင်းရင်းသားများအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် စီမံပိုင်ခွင့်တို့ကို ရရှိနိုင်ရန် အခြေအနေပေးကောင်း ပေးခဲ့ပါလိမ့်သည်။ ထိုဒေသများကို မည်သို့အုပ်ချုပ်မည်၊ ထိုသဘာဝသယံဇာတများမှ ရရှိသော ဝင်ငွေများကို မည်သူက မည်သည့်ပမာဏအတိုင်း အကျိုးခံစားခွင့် ရှိသင့်သည် ဟူသော မူဘောင်တစ်ရပ်ကို အသစ်တစ်ဖန် ပြန်လည်ချမှတ်နိုင်မှသာ လက်ရှိတွင် အားလုံးအကြား သဘောတူညီမှု၊ စစ်မှန်သည့် စည်းလုံးမှုတို့ကို ရနိုင်မည်ဖြစ်ပါသည်။

ယခုထိတိုင်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် အထက်ပါ အခြေခံပြဿနာများကိုလည်းကောင်း၊ သဘာဝ သယံဇာတမကြွယ်ဝသည့် ဒေသများရှိ မြေယာသိမ်းဆည်းခံထားရမှုများကိုလည်းကောင်း စတင်ဖြေရှင်းခြင်း မရှိသေးပါ။ အမှန်ဆိုလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ ယခုအထိ စွမ်းဆောင်နိုင်မှုမှာ လက်နက်ကိုင်အင်အား နည်းပါးသော တိုင်းရင်းသားအဖွဲ့အစည်းငယ်များကိုသာ လက်နက်ချစေနိုင်ခဲ့ခြင်း ဖြစ်သည်။ အခရာဖြစ်သည့် တွင်းထွက်သတ္တုများမှ ရရှိသည့် ဝင်ငွေများကို မည့်သို့ခွဲဝေမည်ဆိုသည့် ကိစ္စအား ယခုထက်တိုင် မညှိနှိုင်းရသေးပါ။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အလွန်အရေးပါသည့် ထိုအချက်ကို ထည့်သွင်းစဉ်းစားခြင်း မပြုပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ရှေ့ဆက်တိုးရန် မဖြစ်နိုင်သကဲ့သို့ အောင်မြင်လိမ့်မည်လည်း မဟုတ်ပါ။

တပ်မတော်နှင့် အလွမ်းသင့်သော အခွင့်ထူးခံများနှင့် အင်အားတောင့်တင်းသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် သဘာဝသယံဇာတ ဝင်ငွေများ၏ တစ်စိတ်တစ်ပိုင်းကို အကျိုးအမြတ် ခံစားနေကြသည်။ ထိုဝင်ငွေများမှာ နိုင်ငံတော်မှ ရရှိရမည့် ပုံမှန်အခွန်အကောက်နှင့် နိုင်ငံ၏ တရားဝင် ရငွေ-ထွက်ငွေ စာရင်းများသို့ အပြည့်အဝမဝင်တော့ပါ။ ဥပမာဆိုသော် ကျောက်စိမ်းလုပ်ငန်းမှ အမြတ်ငွေဝေစုအများစုကို ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် ဝနှင့် တရုတ် လုပ်ငန်းများက ရရှိကြသည်။ သယံဇာတ အကျိုးအမြတ်ခံစားခွင့်ကို ဆွေးနွေးရာတွင် ၎င်းတို့က မမျှတ၊ သို့မဟုတ် မိမိတို့အတွက် အကျိုးအမြတ် များသင့်သလောက်မများဟု ယူဆပါက နှောင့်နှေးစေရန် ပြုလုပ်နိုင်သောကြောင့် ထိုသူများကိုလည်း ပါဝင်ပြောဆိုခွင့် ပေးသင့်ပါသည်။

ရေအားလျှပ်စစ်နှင့် စပ်လျဉ်း၍ - (၂၀၁၁)ခုနှစ်မတိုင်မီ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ချုပ်ဆိုခဲ့သည့် စာချုပ်များသည် အိန္ဒိယနှင့် နီပေါနိုင်ငံတို့အကြား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့အကြား ချုပ်ဆိုခဲ့ကြသည့် အလားတူစာချုပ်များနှင့် နှိုင်းယှဉ်ပါက၊ တရုတ်နိုင်ငံဘက်သို့ လွန်စွာအလေးပေးထား၍ မျှတမှုလည်း မရှိပါ။[1] ဤအချက်က ထိုကာလများတွင် မြန်မာအစိုးရအနေဖြင့် တရုတ်အစိုးရအပေါ် ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာဖာတ်ခုံများတွင် သံခင်း၊တမန်ခင်းအရ မည်မျှ အားကိုးအားထား ပြုခဲ့ရကြောင်း ထင်ရှားစေပါသည်။ ထိုအစောပိုင်းစာချုပ်များမှာ လိုအပ်သည့် အချက်အလက်များ ပြည့်ပြည့်စုံစုံ လေ့လာခြင်းမပြုဘဲ၊ ပြည်သူတို့မှ ရွေးချယ်တင်မြှောက်ထားခြင်း မဟုတ်သည့် အစိုးရမှ ချုပ်ဆိုထားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းစာချုပ်များကို တရုတ်နှင့်ဖြစ်စေ၊ အခြား ပြည်ပရင်းနှီးမြှုပ်နှံလိုသူများနှင့်ဖြစ်စေ ပြန်လည်ဆွေးနွေးနိုင်ပါသည်။

မြန်မာနိုင်ငံမှ ရရှိသင့်သည့် အကျိုးခံစားခွင့် ဝေစုအချိုးအစားသည်သာ အရေးပါသည် မဟုတ်ပါ။ ရေကာတာများ တည်ဆောက်ရန် ခွင့်ပြုချက်ပေးသည့် နည်းလမ်းကလည်း အရေးကြီးပါသေးသည်။ သက်ဆိုင်ရာ ဒေသခံတို့၏ သဘောထားကိုလည်း တောင်းခံရပါမည်။ ရဲဖန်ရဲခါဆိုသလို အချို့နေရာများတွင် အရွယ်ပိုမိုသေးငယ်သည့် ဆည်များကို တည်ဆောက်ခြင်းဖြင့် ဒေသခံများမှ အခြေပျက်၊အနေပျက် ရွှေ့ပြောင်းရမှုလည်းကို ပိုမိုနည်းပါးစေပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုလည်း လျော့နည်းစေနိုင်ပါသည်။

နော်ဝေနိုင်ငံက အကြံဉာဏ်ပြုထားသည့် စာချုပ်များကို စီစစ်သည့် နည်းလမ်းစဉ်အသစ်တွင် စာချုပ်အဟောင်း၊ စာချုပ်မကောင်းတို့အား ပြန်လည်ဆန်းစစ်ရန်နှင့် ဆည်နှင့်ပတ်သက်သည့် ဒေသအတွင်း နေထိုင် အသက်မွေးသူများအရေးကို ပိုမို အလေးထား၊ ထည့်သွင်းစဉ်းစားရန် အကြံပြုထားပါသည်။ တရုတ်နိုင်ငံသည် ဤကိစ္စနှင့် ပတ်သက်၍လည်း အလျှော့ပေးလိုဟန် မပြသေးပါ။ ယခင်စာချုပ်များအတိုင်း ရေအားလျှပ်စစ်စီမံကိန်းများ၏ အကျိုးအမြတ် ၈၅%ကို (အများအားဖြင့် တရုတ်) ကန်ထရိုက်များအား ခံစားခွင့်ပြုရန် လိုလားလျက်ရှိသည်။ မြစ်ဆုံစာချုပ်ကို ဖောက်ဖျက်လျှင် ဒေါ်လာ သန်း ၈၀၀ ပေးလျော်ရမည်ဟုလည်း အသံပေးလျက် ရှိသည်။ မြစ်ဆုံလျော်ကြေးပမာဏကို စုံစမ်းစစ်ဆေးရန် မကြာသေးမီက ဖွဲ့စည်းခဲ့သည့် ကော်မရှင်အနေဖြင့် ထိုစီမံကိန်းအတွက် အပြီးသတ်ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်ဖြစ်စေနိုင်ရန် အထောက်အကူပြုနိုင်ကောင်း ပြုနိုင်ပါလိမ့်မည်။

တရုတ်နိုင်ငံသည် တပ်မတော်နှင့် တိုင်းရင်းသားလူမျိုးစုအကြား ပဋိပက္ခတွင် နှစ်ဖက်စလုံးအား ခေတ်မီလက်နက်များ ထောက်ပံ့ပေးနေသည်ဟု လတ်တလောသတင်းများက ဖော်ပြကြပါသည်။[2] မြန်မာ့တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ရာတွင် အကူအညီပေးရန် တရုတ်တပ်မတော်မှ တပ်သားများကို

---

1 မတူညီသော ကန်ထရိုက်ပုံစံများအရ အကျိုးအမြတ်၊ ခံစားခွင့်များ ကွဲပြားပုံကို နောက်ဆက်တွဲဂရပ်များတွင် ဖော်ပြထားပါသည်။

2 http://m.bangkokpost.com/opinion/1009561?refer=https%3A%2F%2Fnews.google.com%2F

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်စွဲထားစေသည်ဟူ၍ပင် အထောက်အထား အတိအကျမရှိသေးသည့် ကောလာဟလများ ထွက်ပေါ်လျက်ရှိသည်။ သေချာသည်မှာ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်လိုသည့် ဆန္ဒရှိကြောင်းပင် ဖြစ်သည်။ ထိုအချက်ကိုလည်း လူသိရှင်ကြား ထုတ်ဖော်ကြေညာထားပြီး ဖြစ်သည်။[3]

တရုတ်နိုင်ငံအနေဖြင့် မိမိအစိုးရပိုင် လုပ်ငန်းများကို ထောက်ပံ့ကြေးပေး၍ မြန်မာနိုင်ငံ နယ်နိမိတ်တလျှောက်ရှိ မြေများကို ဝယ်ယူစေကာ "ဘိန်းအစားထိုး အခြားသီးနှံများ စိုက်ပျိုးရေးစီမံကိန်း ပေါ်လစီ" ကို ချမှတ်၊ အကောင်အထည်ဖော် လုပ်ကိုင်စေလျက်ရှိသည်။ ထိုအချက်ကလည်း တိုင်းရင်းသား လူမျိုးစုများအကြား တင်းမာမှုများ တိုးပွားစေပါသည်။ အခြားတစ်ဖက်၌ "တစ်နိုင်ငံ၊ သမုဒ္ဒရာနှစ်စင်း" ဟူသော ပေါ်လစီ ချမှတ်ထားသည့်အတိုင်း အိန္ဒိယသမုဒ္ဒရာ၊ သို့မဟုတ် ဘင်္ဂလားပင်လယ်အော်တွင် ခြေချလိုသည့် အာသီသကလည်း ရှိနေသည်။[4]

ကျောက်ဖြူသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ ခရီးဆက်မည့် ရေနံပိုက်လိုင်းများ ကမ်းတက်ရန် အလွန် ခြေခင်းလက်ခင်းသာသည့် ဆိပ်ကမ်းနေရာဖြစ်သည်။ ၎င်းကျောက်ဖြူစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာ (၇) ဘီလီယံ အကုန်ကျခံသင့်သည်ဟူသော တရုတ်နိုင်ငံဘက်မှ အဆိုပြုချက်မှာ စီးပွားရေးအမြင်အရ ကျိုးကြောင်းဆီလျော်မှု မရှိပါ။ ၎င်းအနေဖြင့် မိမိနိုင်ငံပြင်ပတွင် နယ်မြေခြေကုတ်ယူ လွှမ်းမိုးရေးမဟာဗျူဟာ၏ အစိတ်အပိုင်း တစ်ရပ်သာ ဖြစ်ဖွယ်ရှိပါသည်။

## ဘာသာရေးနှင့် စပ်လျဉ်း၍ . . .

အထက်ဖော်ပြပါ အကြောင်းအရာများအပြင် ရခိုင်ပြည်နယ်တွင် ဘာသာရေးပဋိပက္ခများ ပိုမိုပြင်းထန်လာသည့် အခြေအနေလည်း ရှိပါသေးသည်။ လက်နက်အပြည့်အစုံရှိသည့်အပြင် မြေပြင်အခြေစိုက် အမြောက်တပ်များ၊ ဝေဟင်သုံးအမြောက်များ တပ်ဆင်ထားသည့် ရဟတ်ယာဉ်များပါ စစ်ကူရယူနိုင်သည့် မြန်မာရဲနှင့် တပ်မတော်အရာရှိများအား တရားဝင်ထုတ်ပြန်သော သတင်းများအရ အကြမ်းဖက်သူများက ဓါးများ၊

---

[3] http://www.stimson.org/content/china-enhance-its-role-myanmars-peace-process

[4] တရုတ်နိုင်ငံသည် ရခိုင်ပြည်နယ်ရေးရာများအပေါ် ဩဇာသက်ရောက်လိုသည့် ဆန္ဒရှိကြောင်းကို (၂၀၁၅)ခုနှစ် ဧပြီလ ဒေါက်တာအေးမောင် နှင့် အခြား ရခိုင်အမျိုးသားပါတီ ခေါင်းဆောင်များ၏ ပါတီအချင်းချင်း ခရီးစဉ်က အထင်အရှား သက်သေပြနေပါသည်။ ထိုထက်ပို၍လည်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့် စစ်ရေးဆိုင်ရာနှစ်မျိုးလုံးနှင့် သက်ဆိုင်သည့် အမြင်အား ဝေဖန်သုံးသပ်သူများ၏ ရေးသားချက်ကို http://www.css.ethz.ch/content/dam/ethz/specialinterest/gess/cis/center-for-securities-studies/pdfs/CSSAnalyse156-EN.pdf တွင် ကြည့်ပါ။

လုံများအသုံးပြု၍ စတင်တိုက်ခိုက်နေပါသည်။ ထိုသတင်းများကပင် အကြမ်းဖက်သူများသည် နိုင်ငံတကာ အာရုံစိုက်မှုရရှိစေရန် မိမိတို့နေထိုင်ရာ ကျေးရွာများကို မိမိတို့ ကိုယ်တိုင် မီးရှို့ဖျက်ဆီးနေသည်ဟုလည်း ဆိုကြပါသည်။

သေချာသည်မှာမူ ရခိုင်ပြည်နယ်အတွင်းတွင် အလွန်အမင်း ဆင်းရဲနွမ်းပါးသည့် မူဆလင်ဘာသာဝင်ပေါင်း တစ်သန်းကျော်ရှိနေပြီး ၎င်းတို့အနက် အများစုမှာ ရခိုင်ပြည်နယ်ဇာတိ ဖြစ်သည့်တိုင် နိုင်ငံသားဖြစ်ခွင့်မရှိ၊ ပြည်နယ်အနှံ့ အလုပ်လုပ်ကိုင်ခွင့်မျှပင် မရှိပါ။ ထိုသူအများစုမှာ မိမိတို့၏လယ်ယာမြေများ သိမ်းဆည်းခံထားရပြီး တစ်နှစ်လျှင် လအနည်းငယ်မျှအပ ကျန်သည့်အချိန်များတွင် အလုပ်အကိုင်ရရှိရန် မဖြစ်နိုင်ပါ။ အာဟာရချို့တဲ့မှုမှာ အလွန်ဆိုးဝါးသည့်အပြင် ထိုသူများအနေဖြင့် မျှော်လင့်ချက်မဲ့ပြီး လုပ်မိလုပ်ရာဖြစ်မည့် အခြေအနေလည်း ရောက်နေပါသည်။ ထိုသူများကို အမြစ်ဖြုတ်၊ အပြတ်ရှင်းရန်မှာ ရခိုင်အမျိုးသားပါတီ၏ မူအဖြစ်သာမက အမှန်တစ်ကယ်ဖြစ်ပေါ်နေသည့် အခြေအနေများအရ အစိုးရ၏ မူတစ်ရပ်လည်း ဖြစ်လာပါက မြန်မာနိုင်ငံအတိုင်းအတာဖြင့် နိုင်ငံရေးအကူးအပြောင်း၊ သို့မဟုတ်ပါကလည်း စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ဖြစ်ထွန်းလာရန် ဖြစ်နိုင်ခြေမှာ ပို၍ပင် နည်းလာပါလိမ့်မည်။

လတ်တလော ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် နိုင်ငံတကာ အာရုံစိုက်မှု ရှိလာခဲ့ပြီးနောက် အချို့ကလည်း ကန့်သတ်ထားသည့် နေရာများသို့ သွားလာခွင့်ကို တောင်းဆိုလာခဲ့ပါသည်။ မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ ရှည်လျားပြီး လုံခြုံစွာစည်းကြပ်မှု မရှိသည့်အတွက် အတွေ့အကြုံရှိသည့် အကြမ်းဖက်သမားများနှင့် လက်နက်များ ဝင်လာနိုင်ပြီး နယ်စပ်ဒေသများသာမကဘဲ ထိုထက်ဝေးကွာသည့် ပြည်တွင်းဒေသများကိုပင် တိုက်ခိုက်လာနိုင်သည့် အချက်မှာ မဟာဗျူဟာဆိုင်ရာ အန္တရာယ်တစ်ခုဖြစ်သည်။ မူဆလင်ဘာသာဝင်များ မုန်းတီးရေးကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဆက်လက်လှုံ့ဆော်နေပါက နိုင်ငံအနေဖြင့် တစ်ချိန်ချိန်တွင် အဖိုးကြီးစွာ ပေးဆပ်ရနိုင်ပါသည်။ မည်သည့်ပဋိပက္ခမဆို ရင်းနှီးမြှုပ်နှံမှုများကို လျော့နည်းစေရာ အထူးအထိနာနိုင်သည့် ကဏ္ဍများမှာ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲသည့် ကဏ္ဍများမဟုတ်သည့်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ပြီး စီးပွားရေးကိုလည်း အထောက်အကူပြုမည့် အခြားလုပ်ငန်းများ ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားရေးနှင့် အကြောင်းအရာများမှာ တစ်ခုနှင့် တစ်ခုဆက်စပ်လျက်ရှိပြီး ဂရုတစိုက်ကိုင်တွယ်ရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံကို စည်းလုံးညီညွတ်စေရာတွင်၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဖိအားပေးမှုများနှင့် အင်အားအသုံးပြုမှု မပါဝင်ဘဲ အောင်မြင်စေရန် တရုတ်တို့၏ စိတ်ဝင်စားမှုနှင့် ကြွယ်ဝမှုကို မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် အသုံးချနိုင်ပါသည်။ တရုတ်နိုင်ငံ၏ ဩဇာခံ၊ လက်ဝေခံ အဖြစ်မခံဘဲ ထိုသို့ပြုလုပ်ရန်မှာ ခက်ခဲပါလိမ့်မည်။ တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက်မှုကို ဘက်မျှစေရန် အခြားနိုင်ငံများ၏ ထောက်ခံမှုကို အသုံးချနိုင်သော်လည်း တရုတ်မှာ အင်အားကြီး အိမ်နီးချင်းနိုင်ငံကြီးဖြစ်သောကြောင့် ၎င်းအား ခြိမ်းခြောက်သည်၊ စော်ကားသည်ဟု

မယူဆစေဘဲ ဆောင်ရွက်ရပါလိမ့်မည်။ ထိုအချက်မှာ "နိုင်ငံရေးကစားကွက်ကြီး"[5]တစ်ခုနယ်ဖြစ်သော်လည်း ထိုထက်ပင် ပို၍ရှုပ်ထွေးပါသည်။

## ရှုပ်ထွေးနေသည့် ပြဿနာများကို ရှင်းလင်းခြင်း

ထိုကဲ့သို့ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ရှုပ်ထွေးလှသည့် ပြဿနာအစိုင်အခဲကြီးကို ရှင်းလင်းရာတွင် မည်မှုစတင်မည်နည်း။ ထွက်ကုန်တန်ဖိုး ဒေါ်လာ ၁၀၀ ဘီလီယံပင် မရှိသော မြန်မာ့စီးပွားရေးတွင် နှစ်စဉ် ဒေါ်လာဘီလီယံ ဆယ်ဂဏန်းချီ အရောင်းတန်ဖိုးရှိနေသည့် ကျောက်စိမ်းကဏ္ဍသည် စတင်ခြေရာခံသင့်သည့် နေရာဖြစ်ပါသည်။ လက်ရှိ ကျောက်စိမ်းကဏ္ဍမှ အစိုးရက ရရှိနေသော ပိုင်ဆိုင်ကြေးနှင့် အခွန်အကောက်များအပါအဝင် တရားဝင် ဝင်ငွေသည် ဒေါ်လာ ဝ.၅ ဘီလီယံပင် မပြည့်ပါ။ Global Witness ၏ ခန့်မှန်းချက်အရ (၂၀၁၄)ခုနှစ် ကျောက်စိမ်းအရောင်းတန်ဘိုးမှာ ဒေါ်လာ ၃၀ ဘီလီယံအထိ ရှိခဲ့ပါသည်။ (၂၀၁၅)ခုနှစ်တွင် ထုတ်လုပ်သည့် ကျောက်စိမ်းပမာဏမှာ (၂၀၁၄)ထက် နှစ်ဆမကပင် ဖြစ်လာသည်ဟု တရားဝင် ထုတ်ပြန်ချက်များက ဆိုပါသည်။[6]

ထိုကဲ့သို့ တန်ဖိုးကြီးမားလှသည့် အရင်းအမြစ်ကို ချုပ်ကိုင်ချယ်လှယ်နိုင်ရေး အတွက်လည်းကောင်း၊ အောက်ထစ်အဆင့်အဖြစ် တရားမဝင် ဆက်ကြေးကောက်နိုင်ရေး အတွက်လည်းကောင်း လက်လှမ်းမီသူများ အနေဖြင့် အကြိတ်အနယ်၊ အပြိုင်အဆိုင် ကြိုးပမ်းကြနေသည်မှာ ဓမ္မတာဖြစ်ပါသည်။ **<u>တပ်မတော်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရ၊ ကေအိုင်အေနှင့် ကျောက်စိမ်းထုတ်လုပ်သူ လုပ်ငန်းရှင်များအကြား နိုင်ငံရေးအရ အမျှော်အမြင်ကြီးမားသည့် မဟာအပေးအယူကို ပြုလုပ်ရန် မဖြစ်မနေ လိုအပ်ပါသည်။</u>** ထိုမဟာအပေးအယူတွင် ကျောက်စိမ်းလုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်ရရှိသည့် ကျောက်စိမ်းရောင်းရငွေ၏

---

[5] "နိုင်ငံရေးကစားကွက်ကြီး" ဆိုသည်မှာ တစ်ဆယ့်ကိုးရာစုတွင် အိန္ဒိယအပါအဝင် တောင်အာရှတိုက်တွင် ဗြိတိန်နှင့် ရုရှားအကြား ဩဇာအာဏာလွှမ်းမိုးမှုအတွက် အကြိတ်အနယ်ပြိုင်ဆိုင်မှုကို ဆိုလိုသည်။ ယေဘုယျအားဖြင့်မူ ဩဇာသက်ရောက်မှု ကျယ်ပြန့်လာသည့်အဖြစ်ကို ဆန့်ကျင်သည့်အဖြစ်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

[6] မြန်မာနိုင်ငံ စီးပွားရေးအတွက် ကျောက်စိမ်း၏ အရေးပါပုံကို အသိအမှတ်မပြုလိုသူများအတွက် - တရုတ်နိုင်ငံ၊ ဝှမ်ဒုံးပြည်နယ်ရှိ မြို့တစ်မြို့တည်း၌ ကျောက်စိမ်းလုပ်ငန်းတွင် လုပ်ကိုင်နေသည့် လုပ်သားပေါင်း နှစ်သိန်းရှိနေပြီး ထိုတစ်မြို့တည်းကပင် ရောင်းချနေသည့် ကျောက်စိမ်းလုပ်ငန်းမှာ ဒေါ်လာ ၁၆ ဘီလီယံရှိသည်။ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးဆိုပါက အလုပ်သမားအရေအတွက်နှင့် တန်ဖိုးပမာဏမှာ စုစုပေါင်းတန်ဖိုးမှာ ထိုပမာဏထက် များစွာပိုပါလိမ့်မည်။

၅၀%ကို အခွန်အကောက်အဖြစ် နိုင်ငံတော်သို့ ပေးသွင်းစေပြီး ထိုပမာဏကို အုပ်စုအသီးသီးက ကြိုတင် သဘောတူညီထားသည့် အချိုးအစားအတိုင်း ခွဲဝေယူကြမည်ဆိုသော အပေးအယူမျိုး ဖြစ်ပါသည်။[7]

အသေအချာညှိနှိုင်းထားသည့် သဘောတူညီမျိုးမှ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများနှင့် လူမှုရေး လုပ်ငန်းများအတွက် နှစ်စဉ် ဒေါ်လာဘီလီယံနှင့်ချီ၍ ရရှိနိုင်ပါသည်။ ထိုသို့ မဟာအပေးအယူ အသစ်တစ်ခုကို မပြုလုပ်နိုင်ပါက မြန်မာနိုင်ငံသည် ပဋိပက္ခဝဲသြဃထဲမှ လွတ်မြောက်နိုင်မည် မဟုတ်ဘဲ လက်ရှိအခြေအနေအတိုင်း အားနည်းမြဲ၊ ဆင်းရဲမြဲ၊ အကြမ်းဖက်မှုများ ရှိနေမြဲ၊ ထို့အပြင် သွေးကွဲမြဲ ဖြစ်နေပြီး နိုင်ငံရပ်ခြား၏ ဖိအားပေးမှုကိုလည်း ခံနေရပါလိမ့်မည်။ ယခု "ငြိမ်းချမ်းရေးဖြစ်စဉ်"တွင် အထက်ပါကိစ္စကို ညှိနှိုင်းဆွေးနွေးခြင်း မရှိသေးပါ။ အရေးပါသည့် တိုင်းရင်းသားလူမျိုးစုများက ငြိမ်းချမ်းရေးလုပ်ငန်းတွင် စိတ်ပါဝင်စားမှု မရှိရခြင်း အကြောင်းရင်းတွင် ထိုအချက်လည်း ပါဝင်ပါသည်။

ကျောက်စိမ်းကဏ္ဍပြဿနာကို အဖြေရှာနိုင်ပါက ရေအားလျှပ်စစ်စာချုပ်များ ပြန်လည်ညှိနှိုင်းရေးမှာ ပြည်တွင်းအဆင့်တွင် အထူးတလည် ခက်ခဲဖွယ်ရာ မရှိပါ။ သို့တိုင် တရုတ်နိုင်ငံမှ အလျှော့မပေးဘဲ တင်းခံနေလျှင်မှု ရှုပ်ထွေးလာနိုင်ပါသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ တရုတ်နှင့် အခြား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများလည်း ပါဝင်နိုင်မည့်၊ မြစ်ဆုံသာမကဘဲ အခြားရေအားလျှပ်စစ် စီမံကိန်းကြီးများအတွက် အကြံပေးကော်မရှင်တစ်ရပ် ဖွဲ့စည်းမည့် ဆောင်ရွက်ရေး (၎င်းမှာ နော်ဝေနိုင်ငံ၏ အကြံပြုချက်ဖြစ်သည်) မှာ အထောက်အကူ ပြုနိုင်ဖွယ် ဖြစ်ပါသည်။ ထိုအမှီအခိုကင်းသည့် ကော်မရှင်အနေဖြင့် ဆုံးဖြတ်ပိုင်ခွင့် မရှိသော်လည်း ဒေသခံကျွမ်းကျင်သူများ၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စိတ်ဝင်စားသူများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများထံမှ သတင်းအချက်အလက်များကို စုဆောင်းခွင့်ရှိမည်ဖြစ်သည်။ ကော်မရှင်အနေဖြင့် ပြောင်းရွှေ့အခြေချ နေထိုင်ရမှု၊ လျော်ကြေးပေးအပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးများကို စစ်ဆေးနိုင်ပါသည်။ ဤကော်မရှင်တွင် မြန်မာနိုင်ငံသား အများစု ပါဝင်နိုင်ပြီး ပါဝင်လည်း ပါဝင်သင့်ပါသည်။

ဆွေးနွေးရာတွင် တရုတ်ကိုယ်စားလှယ်များကို ပါဝင်စေခြင်းဖြင့် ၎င်းတို့အား မျှမျှတတ ပြောဆိုခွင့်ပေးထားကြောင်း၊ တစ်ပြိုင်နက်တည်းမှာပင် မိမိတို့၏ စီမံကိန်းများကို အခြားနိုင်ငံများမှ အလားတူ ရေအားလျှပ်စစ် စီမံကိန်းများဖြင့် အပြိုင်အဆိုင် နှိုင်းယှဉ်စဉ်းစားနေကြောင်း သိရှိစေမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နောက်ဆုံးတွင် ရေကာတာတည်ဆောက်ရန်နှင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရန် သင့်တင့်မျှတသော ကန်ထရိုက်စာချုပ်များစွာကို ရရှိကောင်းရရှိမည် ဖြစ်သည်။ သို့သော် သဘောတူညီချက်တွင် ပါဝင်သည့်အချက်များနှင့် လုပ်ထုံးလုပ်နည်းများက နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ပို၍နီးစပ်မှု ရှိလာစေလိမ့်မည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်

[7] အကျယ်ကို ပရော်စီမီတီ ဒီဇိုင်းနှင့် ဟားဗတ်တက္ကသိုလ်တို့မှ (၂၀၁၆)ခုနှစ်တွင် ပူးတွဲထုတ်ဝေသည့် "A Grand Bargain: What It Is and Why It Is Needed" စာတမ်းတွင် ရှုပါ။

ဆက်ဆံရာတွင် ကောင်းမွန်သည့် စီးပွားရေးဆက်ဆံမှုတစ်ခု လိုအပ်သည်။ သို့သော်လည်း တစ်ဖက်သတ် တစ်ဖက်စောင်းနင်း၊ မတရားဖြစ်ခြင်းတို့ မရှိသင့်ပါ။

မြန်မာနိုင်ငံ၏ ပြည်တွင်းမြေယာပြဿနာကမူ တရုတ်နှင့်ဆက်ဆံသည့် ကိစ္စထက်ပင် ပိုမိုကြီးမားသည်။ ဒေသခံကုမ္ပဏီများ၊ အရာရှိများနှင့် အဖွဲ့အစည်းများက ခိုင်မာရှင်းလင်းမှု မရှိသော ဥပဒေများကို အသုံးပြုပြီး မြေသိမ်းမှုများကို ပြုလုပ်နေကြသည်။ ထိုမြေသိမ်းမှုများကို ပြန်လည်စီစစ်မည့် လုပ်ထုံးလုပ်နည်းများကို မချမှတ်ရသေးပါ။ အောက်ထစ်အဆင့်အဖြစ် ဖွံ့ဖြိုးရေးအကြောင်းပြပြီး သိမ်းယူထားသည့် မြေနေရာများတွင် လုပ်ငန်းများ လုံးဝမစရသေးပါက တည်ဆဲဥပဒေများအရ လုပ်ပိုင်ခွင့်ရှိသည့်အတိုင်း ထိုမြေများကို ပြန်လည်သိမ်းယူသင့်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ထိုသို့ ပြန်လည်သိမ်းယူ၊ ပြန်လည်ခွဲဝေပေးမှု စတင်နိုင်ခဲ့ပြီ ဖြစ်သည်။

သိမ်းယူထားသည့် မြေများပေါ်တွင် ရင်းနှီးမြှုပ်နှံမှု အသေအချာပြုလုပ်ထားပြီးဖြစ်ပါက မူလအသိမ်းခံ မြေရှင်အတွက် လျော်ကြေးကို သင့်တော်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် စီမံသတ်မှတ်ပေးရပါမည်။ (တစ်ဦးတည်းအမည်ဖြင့် ပုဂ္ဂလိကပိုင်မဟုတ်သည့်) အများပိုင်၊ ကျေးရွာပိုင်မြေများမှာ တရားဝင်ပိုင်ဆိုင်ခွင့် ပိုမိုရှုပ်ထွေးသောကြောင့် ၎င်းတို့ကိုလည်း ထည့်သွင်းစဉ်းစားပေးရမည်။ ထိုကဲ့သို့ အများပိုင်မြေနှင့် ပတ်သက်သည့် အဖြစ်အပျက်အများအပြားအနက် တိုင်းရင်းသားများက မိမိတို့မျိုးနွယ်စုမှ နှစ်ပေါင်းများစွာ အုပ်ချုပ်စီမံခဲ့ပြီး သဘောတူခွဲဝေခဲ့သည့် မြေယာများအတွက် တရားဝင် စာရွက်စာတမ်း အထောက်အထား မရှိသည့်အပြင် ပဋိပက္ခကြောင့် မိမိလုပ်ကိုင်ခဲ့သည့်မြေကို စွန့်ခွာထွက်ပြေးရမှုများလည်း ပါဝင်သည်။ ထိုကဲ့သို့သော မြေများကို မြေလွတ်မြေရိုင်းများအဖြစ် သတ်မှတ်ခံရပြီး သိမ်းယူကြပါတော့သည်။

ထိုအချက်သည် ယခုအချိန်တွင် မြန်မာနိုင်ငံသား အလုပ်သမား သန်းနှင့်ချီ၍ ထိုင်းနိုင်ငံတွင် ရောက်နေရခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် လုပ်ခပိုရသော အကြောင်းတစ်ခုတည်းကြောင့် မဟုတ်ပါ။ ထိုသူများအနေဖြင့် မိရိုးဖလာ လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်နိုင်ရေးအတွက် နေရင်းဒေသသို့ ပြန်နိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံသားများကို ပြန်လည်အခြေချစေနိုင်ပြီး တည်ငြိမ်ကာ အေးချမ်းသာယာသည့် အနေအထားကိုလည်း ဖန်တီးနိုင်မည် ဖြစ်ပါသည်။ တဆက်တည်းမှာပင် မြန်မာနိုင်ငံတွင် မြေမဲ့ယာမဲ့များနှင့် ပြည်ပထွက်ကာ လုပ်ကိုင်စားသောက်သူ အများအပြားရှိနေပြီး မြေပိုင်ရှင်အကြီးစားများက အုပ်စိုးနေသည့် ဘဝဆိုးမှလည်း လွတ်မြောက်စေနိုင်မည် ဖြစ်ပါသည်။

သဘာဝသယံဇာတ ဝင်ငွေခွဲဝေမှု၊ ရေအားလျှပ်စစ်နှင့် မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ပြီ ဆိုပါက မြန်မာနိုင်ငံအတွက် လက်တွေ့ကျကျ အလုပ်ဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်မှာ မည်သည်ဆိုသည်အား သဘောတူညီချက် ရရှိရေးသည် ပိုမိုလွယ်ကူလာဖွယ် ရှိပါသည်။ ဖက်ဒရယ်စနစ်ဆိုသည်မှာ ဗဟိုအစိုးရနှင့်

မည်ကာမတ္တ အဆက်အသွယ် အနည်းငယ်မျှသာရှိသည့် တစ်ပြည်ထောင် နယ်မြေအငယ်ကလေးများစွာဖြင့် ခြံရံဖွဲ့စည်းထားသည့် စနစ်မဟုတ်ကြောင်း ကြိုတင်သတိပြု သဘောပေါက်ကြရန် လိုအပ်ပါမည်။ အလုပ်ဖြစ်သည့် ဖက်ဒရယ်စနစ်တစ်ခုမှာ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန အသီးသီး၏ နေ့တဓူဝလုပ်ငန်းများကို ပြည်နယ်အစိုးရ အဆင့်ဆင့်သို့ လုပ်ပိုင်ခွင့်နှင့် တာဝန်များ လွှဲပြောင်းထားခြင်းသာ ဖြစ်သည်။

ဥပမာအားဖြင့် ပြည်ထောင်စုဥပဒေအရ နိုင်ငံတွင်းရှိ ကျောင်းအားလုံးတွင် မြန်မာစာသင်ရန် လိုအပ်သည်ဟု ပြဌာန်းထားနိုင်သော်လည်း ထိုအချက်က ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား အသီးသီးကို သင်ကြားခွင့်မပေးသည့် ကန့်သတ်မှုမျိုး မဟုတ်ပါ။ ပြည်နယ်အစိုးရ အနေဖြင့် တရားမျှတစွာ ရွေးကောက်တင်မြှောက်ထားခြင်းခံရပြီး လုပ်ငန်းတာဝန် တိတိကျကျနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန် ဘတ်ဂျက်ရန်ပုံငွေ လောက်လောက်ငငလည်းရှိပါက အင်ဒိုနီးရှားကဲ့သို့ နိုင်ငံတော်၏ အင်အားနှင့် စည်းလုံးတောင့်တင်းလာမှုတို့က အဆမတန်ပိုမို ခိုင်မာလာပါလိမ့်မည်။ ဤသို့ဖြင့် လက်နက်ကိုင်တော်လှန်ရေးအပေါ် စိတ်ဝင်စားမှု ကျဆင်းလျော့ပါးသွားစေနိုင်မည့်အပြင် ဆက်လက်သွေးခွဲ ပုန်ကန်လိုသည့် အုပ်စုများ၏ ဩဇာအရှိန်အဝါကိုလည်း ကျဆင်းသွားစေမည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ - ထိုဒေသတွင် နေထိုင်လျက်ရှိသည့် မူဆလင်ဘာသာဝင်များ၏ ပြဿနာမှာ ရှင်းလင်းရန် အလွန်ခက်ခဲသည့် ကိစ္စဖြစ်သည်။ တင်းမာမှု ပိုများလာသည်နှင့်အမျှ ရဲနှင့်တပ်အင်အား လိုအပ်ချက် ပိုမိုမြင့်မားလာပြီး ပြည်နယ်တိုးတက်မှုမှာလည်း ထိခိုက်မှု ပိုလာပါသည်။ လူမျိုးစု နှစ်စုတို့အကြား ယခင်နေထိုင်မှုပုံစံ (လူမှုရေးအရ ရောထွေးဆက်ဆံမှု မရှိလှသော်လည်း စီးပွားရေးအရ ပူးပေါင်းဆက်သွယ်မှုရှိသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် ပုံစံ) မျိုး ပြန်လည်တည်ဆောက်နိုင်မည့် နည်းလမ်းရှာဖွေတွေ့ရှိရေးသည် အဓိက စိန်ခေါ်ချက်ဖြစ်ပါသည်။ ဤအုပ်စုနှစ်စုတို့သည် နောက်ဆုံးတစ်နေ့တွင် သာမန်ယှဉ်တွဲ နေထိုင်ကြသည်သာ မဟုတ်ဘဲ ကဏ္ဍအများတွင် အဓိပ္ပါယ်ပိုမို ပြည့်ဝသည့် စစ်မှန်သော ဆက်ဆံရေးမျိုး တည်ဆောက်ရန် အတူတကွ ရှာဖွေတွေ့ရှိကောင်း တွေ့ရှိနိုင်ပါသည်။

လက်ရှိအနေအထားအရမူ အစွန်းလာမ် အစွန်းရောက်ဝါဒီနှင့် ဗုဒ္ဓဘာသာ စစ်သွေးကြွများ အင်အားကြီးထွားလာမှု၊ (၂၀၁၂)ခုနှစ်တွင် ဗုဒ္ဓဘာသာဝင် ရခိုင်အမျိုးသမီးတစ်ဦးက ရိုဟင်ဂျာ အမျိုးသားများ၏ အနိုင်ကျင့်ခံရပြီး သတ်ဖြတ်ခံခဲ့ရသည်ဟူသော သတင်းထွက်လာအပြီး မူဆလင် မုန်းတီးမှုနှင့် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်လာမှု၊ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာမီက အကြမ်းဖက်မှုများ အားကောင်းလာမှုနှင့် ယခုအခါတွင် ရခိုင်ပြည်နယ်တွင်ပါ အလားတူအခြေအနေများ ဖြစ်ပေါ်လာမှု စသည့်အချက်များအားလုံးက အထက်ပါ ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်ရေးကို မဆိုထားနှင့် သာမန်တည်ငြိမ်မှု ပြန်လည်ရရှိရေးသည်ပင် ခက်ခဲမည်ဖြစ်ကြောင်း ထောက်ပြနေပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မူဆလင်ဘာသာဝင် အစွန်းရောက်များအား ထိန်းသိမ်းရာတွင် တပ်မတော်ကို အသုံးမပြုဘဲ ရဲတပ်ဖွဲ့မှသာ

ကိုင်တွယ်ခဲ့ရာတွင် အောင်မြင်ခဲ့သောကြောင့် ထိုနည်းလမ်းမှာ ရခိုင်ပြည်နယ်တွင် တင်းမာမှုများကို လျှော့ချရာတွင် အသုံးဝင်ကောင်း ဝင်ပါလိမ့်မည်။

ထိုပြဿနာကို ရှင်းကောင်းရှင်းနိုင်မည့် နည်းလမ်းတစ်ခုမှာ စီစစ်ပြီးသည့် မူဆလင်ဘာသာဝင်များကို ရခိုင်ပြည်နယ်အတွင်းတွင် လွတ်လပ်စွာသွားလာခွင့်ပြုရန် ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဆင်းရဲမှု လျော့ပါးစေနိုင်ပြီး မိမိပိုင်မြေများတွင် လယ်လုပ်သားအကူ လိုအပ်နေသည့် မြေပိုင်ရှင်များ (ထိုသူအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်) အတွက်လည်း အထောက်အကူဖြစ်စေနိုင်သကဲ့သို့ မူဆလင်များ အလုပ်အကိုင်ရှာဖွေရာတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ပါဝင်ကူညီစေရန်လည်း စိတ်ဝင်စားစေပါလိမ့်မည်။ ရခိုင်ပြည်နယ်တွင် ရေပေးဝေရေးစနစ်တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဧကအလိုက် သီးနှံအထွက်များ တိုးစေမည်ဖြစ်သလို (စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာမည်ဖြစ်သောကြောင့်) လုပ်သားလိုအပ်ချက်ကိုလည်း မြှင့်တင်ပေးပါလိမ့်မည်။

ထိုကဲ့သို့ လှုပ်ရှားသွားလာခွင့်ပေးမှုကို နိုင်ငံသားဖြစ်ခွင့်မှ ကဏ္ဍခြားထားရပါမည်။ ထိုသူများ နိုင်ငံသား ဖြစ်ခွင့်၊ မဖြစ်ခွင့် ဆုံးဖြတ်ရန် သင့်တော်သည့်အချိန် မတိုင်မီအထိ ၎င်းတို့အား တရားဝင် နေထိုင်သွားလာခွင့် ရှိကြသူများ အဖြစ်သာ သတ်မှတ်ထားရမည်။ ရဲနှင့် ရပ်မိရပ်ဖများမှ စီစစ်ထောက်ခံချက်ရပြီးသည့် မူဆလင်ဘာသာကိုးကွယ်များကို သက်သေခံကတ်များ ထုတ်ပေးခြင်းက ထိုသူများ ပြောင်းရွှေ့အခြေချမှုကို ထိန်းချုပ်စေနိုင်ပါလိမ့်မည်။[8]

နောက်ဆက်တွဲ (ခ)ပါ သရုပ်ပြပုံက မြန်မာနိုင်ငံရှိ မူဆလင်ဘာသာဝင်များ၏ အချိုးကို (၁၈၈၂) ခုနှစ်မှစ၍ ဖော်ပြထားပါသည်။ ထိုအချက်အလက်များက မူဆလင်များ လွှမ်းမိုးလာမည့် အန္တရာယ်ကို စိုးရွံ့မှုသည် အခြေအမြစ်မရှိကြောင်း ညွှန်းဆိုပြနေပြီး (နောက်ဆုံးသန်းခေါင်စာရင်းမှ ထုတ်ပြန်လိုက်သော ဂဏန်းများအရ)

8 ရေရှည်တွင် ပြဿနာကို ရှင်းနိုင်သည့်နည်းတစ်နည်းမှာ ထိုမူဆလင်ဘာသာဝင်များကို နိုင်ငံအနှံ့ သွားလာခွင့်ပေးရန်ဖြစ်ပါသည်။ အချို့ကလည်း ရခိုင်ပြည်နယ်မှ မွတ်ဆလင်များ ထွက်ခွာသွားသည့်တိုင် ၎င်းတို့၏ နေရာလွတ်များတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂါလီအသစ်များ တိုးဝင်နေရာယူလာဦးမည်ဟု စိုးရိမ်ကြောင်း ပြောဆိုထားပါသည်။ သို့သော် လက်တွေ့အနေအထားအရမူ ဘင်္ဂလားဒေ့ရှ်တွင် လုပ်သားခများ အလျင်အမြန် တိုးတက်နေသည့်အပြင် ကျေးလက်ဒေသ လုပ်သားရှားပါးမှု ပြဿနာနှင့်ပင် ရင်ဆိုင်ရလျက်ရှိကြောင်း သတင်းများလည်း ကြားနေရရာ အထက်ပါယူဆချက်သည် စိုးရိမ်မှုလွန်ကဲရာ ရောက်နိုင်ပါသည်။ နယ်စပ်လုံခြုံရေးသည် မည်သည့်အခြေအနေဖြစ်စေ ဆောင်ရွက်သင့်၊ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအနေဖြင့် မြန်မာပြည်သို့ ဝင်ရောက်လာရန် စီးပွားရေး အကြောင်းအရင်းမရှိသလောက် နည်းပါးနေပါက ထိုသူများ ပြည်တွင်းသို့ အလုံးအရင်းဖြင့် တိုးဝင်လာရန်မှာ ဖြစ်နိုင်ခြေနည်းလှပါသည်။

သတိပြုရမည်မှာ အကြမ်းဖက်သမားများသည် လုပ်ခစား၊ စီးပွားရေးသမားများ မဟုတ်ကြပါ။ ရခိုင်ပြည်နယ်တွင် ဘာသာရေးအခြေခံသည့် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ ပြင်းထန်နေပါက မလိုလားအပ်သည့် ထိုအကြမ်းဖက်လှုပ်ရှားမှုများ ဤဒေသသို့ ဝင်ရောက်လာစေရန် ဆွဲဆောင်နိုင်ပါသည်။

ထိုအချက်ကို ယခင်ကထက် လက်ရှိတွင် ပိုမိုခိုင်မာစွာ ပြောဆိုနိုင်ပါသည်။ ပြောင်းရွှေ့အခြေချမှု၊ မွေးဖွားမှုနှုန်း၊ ဘာသာပြောင်းလဲ ကိုးကွယ်မှုတို့ကြောင့် ဗုဒ္ဓဘာသာမှ ခြိမ်းခြောက်ခံနေရသည်ဟု လူအတော်များများက ယုံကြည်နေကြရာ ထိုအချက်မှာ မှန်ကန်မှု လုံးဝမရှိပါ။

ရခိုင်ပြည်နယ်တွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းထားမှုနှင့် စပ်လျဉ်း၍ - ကျောက်ဖြူ ရေနက်ဆိပ်ကမ်းအား မြန်မာအစိုးရ၏ ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှုအောက်တွင်ထားရှိပြီး ရေယာဉ်မရွေး ဆိုက်ကပ်နိုင်သော "လွတ်လပ်သည့် ဆိပ်ကမ်း" အဖြစ် ထုတ်ပြန်ကြေညာသင့်ပါသည်။ ထိုသို့ ဖိတ်ခေါ်ပါက မည်သည့်နိုင်ငံမှ သင်္ဘောမဆို ကျောက်ဖြူတွင် ဆိုက်ကပ်ရန် လက်ခံနိုင်မည်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံမှ ဖြတ်သန်း၍ ကုန်များ သယ်ယူပို့ဆောင်ရေးအတွက် လက်ရှိ ထရပ်ကားများ အသုံးပြုစရိတ်သည် ယူနန် - ဟိုင်ဖုန် (ဗီယက်နမ်ဆိပ်ကမ်း) အကြား ရထားပို့ဆောင်ရေး စရိတ်ထက်ပင် ပိုများနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ဒေါ်လာ၂၀ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းထားသော ရထားလမ်းကို မဖောက်လုပ်နိုင်ပါက ကျောက်ဖြူဆိပ်ကမ်းကို အသုံးပြုလိုသူ အနည်းငယ်သာ ရှိပါလိမ့်မည်။

ကျောက်ဖြူဒေသသည် လူဦးရေနည်းပါး၍ စီးပွားရေးမထွန်းကားသော ဝေးလံခေါင်ဖျားသည့် ဒေသဖြစ်သည်။ စက်မှုဇုံထူထောင်ဖြစ်လျှင်လည်း ရန်ကုန်နှင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှ စက်မှုဇုံစီမံကိန်းများနှင့် တန်းတူဖြစ်နိုင်ရန် အတော်ရုန်းကန်ရပါမည်။ (ဆိုက်ကပ်မည့်) ကုန်တင်သင်္ဘော အများစုသည် အငယ်စား၊ အလတ်စားများသာ ဖြစ်ဖွယ်ရှိသောကြောင့် အလွန်နက်သော ရေနက်ဆိပ်ကမ်းကို မလိုအပ်ပါ။ (ရေနံတင် တင်ကာရေယာဉ်ကြီးများသည် လက်ရှိရေနံပိုက်လိုင်းများကိုသာ ဆက်လက်အသုံးပြုမည်ဖြစ်ပြီး အခြားဆိပ်ကမ်းဆိုင်ရာ ပံ့ပိုးမှုများ အထူးတလည် ထပ်မံမလိုအပ်ပါ။ လောလောဆယ်တွင်ပင်လျှင် ရေနံလိုအပ်ချက် ကျဆင်းနေသောကြောင့် ယူနန်ပြည်နယ်မှ ရေနံချက်စက်ရုံ တည်ဆောက်ရန်စီမံကိန်းကို ရွှေ့ဆိုင်းထားပါသည်။ ထို့ကြောင့် ကျောက်ဖြူ-ယူနန် ရေနံပိုက်လိုင်းကိုပင် အပြည့်အဝ အသုံးချနိုင်ခြင်း မရှိပါ။) ထို့ကြောင့် ကျောက်ဖြူဆိပ်ကမ်းနှင့် ယှဉ်ပါက စစ်တွေဆိပ်ကမ်းသည် လက်တွေ့ဖြစ်နိုင်ခြေရှိသည့် ပြည်တွင်းကုန်စည်စီးဆင်းမှုအတွက် တည်နေရာအရသော်လည်းကောင်း၊ အရွယ်အစားအရသော်လည်းကောင်း ပိုမိုသင့်တော်ပါသည်။

ရခိုင်ပြည်နယ်အတွင်း ရက်တိုအလည်အပတ် ခရီး၊ သို့မဟုတ် ရေယာဉ်ပြင်ဆင်ရေး ကိစ္စတို့မှအပ မည်သည့်ရေတပ်ကိုမျှ ဖြစ်နိုင်သရွေ့ အသုံးချခွင့် မပြုသင့်ပါ။ တရုတ်နိုင်ငံအနေဖြင့် ယူနန်ပြည်နယ်အတွက် မြန်မာနိုင်ငံ၏ တည်နေရာကို အသုံးချလိုပါက မြန်မာနိုင်ငံအတွင်း ရထားလမ်းများ၊ ပိုက်လိုင်းများနှင့် ဆိပ်ကမ်းများ တည်ဆောက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံခွင့်ပေးခြင်းဖြင့် ယူနန်မှ သမုဒ္ဒရာထွက်ပေါက်ရစေနိုင်ပါသည်။ သို့သော် အထက်တွင် ဆိုခဲ့သည့်အတိုင်း ယူနန်ပြည်နယ်သည် ယူနန်-ဟိုင်ဖုန် (ဗီယက်နမ် နိုင်ငံ၊ ဟန္ဒိုင်းအနီးရှိ ဆိပ်ကမ်းသို့ ချိတ်ဆက်ထားသည့်) ရထားလမ်းကို ဖောက်လုပ်ထားပြီး ဖြစ်သောကြောင့် သမုဒ္ဒရာထွက်ပေါက်ရပြီး ဖြစ်သည်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုများသည် အဓိကအားဖြင့် တရုတ်နိုင်ငံကို အကျိုးပြုမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအား ၄င်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ချေးငွေအထပ်ထပ်၊ အကြွေးအလီလီဖြင့် ဖွဲ့ချည်ခြင်းမျိုး မဖြစ်သင့်ပါ။ ရခိုင်ပြည်နယ်အတွက် ပိုမိုအသုံးဝင်၍ ဘဏ္ဍာရေးအရ ကျိုးကြောင်းမျှတသည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီမည့် အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများ ရှိနိုင်ပါသည်။ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် သင့်တင့်မျှတသော အကျိုးစီးပွားဆိုင်ရာ စိတ်ဝင်စားမှု[9]နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် မြန်မာနိုင်ငံ၏ လစ်ဟာကွက်၊ အားနည်းချက်တို့ကို ထိန်းညှိနိုင်ရန်အတွက် နိုင်ငံတကာမှ ထောက်ခံမှု၊ အကူအညီများနှင့် ကျောက်ဖြူစီမံကိန်းအား နိုင်ငံတော်က ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ခြင်းတို့ကို နည်းလမ်းတစ်ရပ်အဖြစ် အသုံးချနိုင်ပါသည်။

## ဖြည်းဖြည်းဖြတ်သန်း ဒီမိုကရေစီ သွားရာလမ်း

လူမျိုးရေး၊ ဘာသာရေး နာတာရှည်ပဋိပက္ခများကို ပြီးပြတ်အောင် ဖြေရှင်းနိုင်လျှင် ၊ သို့မဟုတ် အနည်းဆုံး တည်ငြိမ်သွားအောင် ဆောင်ရွက်နိုင်လျှင်ပင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများ ရရှိလာနိုင်ခြေ ရှိပါသည်။ ဥစ္စာခနေသိမ်းယူမည့် လုပ်ရပ်များအစား၊ ဥစ္စာခနေဖန်တီးမည့် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါက ကောင်းကျိုးစက်ဝန်းပမာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကြီးပွားလာစေနိုင်ပါသည်။

အာဏာလက်ကိုင်၊ လူ့မလိုင်များသည်ပင် နိုင်ငံအတွက် ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်မှုကို သိရှိသဘောပေါက်လာ ကြမည်ဖြစ်သည်။ ထို့နောက် လက်နက်ကိုင်တပ်ဖွဲ့များအား နိုင်ငံ၏ အရွယ်အစား၊ ရင်ဆိုင်ရဖွယ်ရှိသည့် အန္တရာယ်တို့နှင့် လိုက်လျောညီထွေဖြစ်မည့် ပြန်လည်ဖွဲ့စည်းခြင်း၊ လျော့ခြင်းတို့ကို ပြုလုပ်လာစေနိုင်ပါသည်။ အာဏာရှင် ဆူဟာတိုခေတ်နောက်ပိုင်း အင်ဒိုနီးရှားတပ်မတော်သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် လုံခြုံရေး နှစ်ရပ်လုံးအား တာဝန်ခံစိုးမိုးထားသည့် "ဒွိ လုပ်ငန်း"ကို ဆက်လက်ကျင့်သုံးနေပါက မိမိတို့တပ်မတော်အတွက် အန္တရာယ်သက်ရောက်နိုင်ကြောင်း၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ နိုင်ငံတော်၏ ကျဆုံးမှုမှန်သမျှ မိမိတို့ တပ်မတော်အပေါ် အပြစ်ပုံချခံရရန်သာ ရှိကြောင်း သဘောပေါက်နားလည်လာခဲ့သည်။ ထို့ကြောင့် နောက်ပိုင်းတွင် "ဒွိ လုပ်ငန်း"ကို စွန့်လွှတ်ခဲ့ပါသည်။ တပ်မတော်အသုံးစရိတ်ကို တိုးမြှင့်ရရှိပြီး တပ်မတော်နှင့် အခြားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးအနေဖြင့် နိုင်ငံတော်လုံခြုံရေးကိုသာ ဦးစားပေးတာဝန်ယူမည့် အခန်းကဏ္ဍအတွက်

---

[9] ဥပမာ ရေနံပိုက်လိုင်းစီမံကိန်းသည် နိုင်ငံအတွက် ဆိုးကျိုးနည်းပြီး ဖြတ်သန်းခဝင်ငွေလည်း ရှာပေးနိုင်ပါသည်။ ထို့ကြောင့် တည်ရှိနေပြီးသည့် ပိုက်လိုင်းဆိုင်ရာ သဘောတူညီမှုများကို လိုက်နာသင့်ပါသည်။ အလားတူပင် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား သွင်းကုန်ပို့ကုန်များအနေဖြင့် မလိုအပ်သည့် စည်းမျဉ်းစည်းကမ်းများမရှိဘဲ လွယ်ကူစွာ ဖြတ်သန်းသွားသင့်ပါသည်။

ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ဤသို့ဖြင့် နိုင်ငံအုပ်ချုပ်ရေးစနစ်တွင် အာဏာရှင်ဆန်သော လုပ်ရပ်များ လျော့ပါးသွားစေပြီး ဒီမိုကရေစီစနစ်ကို ပိုမိုပြီပြင်လာစေခဲ့သည်။ ခြားနားသော ဥပမာမှာ ပါကစ္စတန်နိုင်ငံတွင် တပ်မတော်က နိုင်ငံတော်ရေးရာများတွင် ဆက်လက်ပါဝင် လွှမ်းမိုးလျက်ရှိပြီး စီးပွားရေးတိုးတက်မှု နှေးကွေးခြင်း၊ နိုင်ငံရေး မတည်ငြိမ်ခြင်း၊ ပြည်တွင်းစစ်အခြေအနေနီးပါး လက်နက်ကိုင်အကြမ်းဖက်ခြင်းများ ကြုံတွေ့ရလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တပ်မတော်သည် မိမိကိုယ်မိမိ နိုင်ငံတော်၏ တာဝန်ခံအုပ်ထိန်းသူဖြစ်သည်ဟု ခံယူထားသည်။ ၎င်းတို့အား နိုင်ငံတော်၏ အကျိုးအမြတ်များကို "အားလုံးပါဝင်၊ လုပ်ကိုင်၊ ခွဲဝေ၊ ရယူ၊ သုံးစွဲသည့် မဟာဗျူဟာ" ကျင့်သုံးခြင်းဖြင့် မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမှု လျင်မြန်စွာရရှိနိုင်ကြောင်း ညှိနှိုင်းစည်းရုံးနိုင်ပါက တပ်သားအရေအတွက်အရ ပိုမိုကျစ်လျစ်သိပ်သည်းပြီး ခေတ်မီလက်နက်များ ပိုမိုတပ်ဆင် အသုံးပြုနိုင်သည့်၊ လေ့ကျင့်မှုစွမ်းရည် ပိုမိုပြည့်ဝသည့် တပ်မတော်အဖြစ် အသွင်ကူးပြောင်းမည့် ဖြစ်စဉ်ကို တဖြည်းဖြည်း လက်ခံလာနိုင်ဖွယ် ရှိပါသည်။

အင်ဒိုနီးရှားတပ်မတော်သည် ၎င်းတို့၏ တရားဝင်မဟုတ်သော လုပ်ငန်းများမှ ဝင်ငွေများစွာကို ဒွိလုပ်ငန်း စွန့်လွှတ်ပြီးနောက်ပိုင်းတွင် တစ်ပါတည်း လက်လွှတ်ခဲ့ရသည်။ သို့သော် တပ်မတော်အတွက် တရားဝင် တိုးမြှင့်ခွဲဝေပေးလိုက်သည့် နိုင်ငံတော်ဘတ်ဂျက် ပမာဏက ယင်းစွန့်လွှတ်ရမှုများစွာကို ကောင်းစွာ အစားထိုးဖာထေးပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း "မဟာ အပေးအယူ" သို့မဟုတ် သဘောတူညီမှုကိုသာ ညှိနှိုင်းနိုင်ပါက အလားတူ နည်းလမ်းမျိုးကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

ထိုသို့မဟုတ်ဘဲ တပ်မတော်အနေဖြင့် လက်ရှိအနေအထားအတိုင်း အာဏာကို ဆက်လက်ဆုပ်ကိုင်ထားမည် ဆိုပါက မြန်မာနိုင်ငံသည် ပါကစ္စတန်နိုင်ငံလားရာ အဆိုးများဖုံးလွှမ်းသည့် လမ်းကြောင်းအတိုင်း ဆက်လက် ရှေ့တိုးဖွယ်ရာသာ ရှိပါသည်။ ပါကစ္စတန်နိုင်ငံတွင် အာဏာလွှမ်းမိုးနေသည့် တပ်မတော်က နိုင်ငံ၏ စီးပွားရေးကို နှေးကွေးတုံ့ဆိုင်းစေခဲ့ပြီး နိုင်ငံရေးအရလည်း အလုပ်မဖြစ်သည့် စိတ်သဘောထား အစိတ်စိတ် အမွှာမွှာကွဲပြားစေခဲ့ကာ အရပ်သားအုပ်ချုပ်ရေးကိုလည်း အားနည်းစေခဲ့သည်။ နိုင်ငံတော်မှ လျှို့ဝှက်ထောက်ပံ့ထားသည့် အစွန်းရောက်ဝါဒီများသည်လည်း နိုင်ငံကို ပြန်လည်အန္တရာယ်ပြုနေသည်အထိ အားကောင်းလာပြီ ဖြစ်သည်။ တရုတ်နိုင်ငံမှ သူ၏သြဇာ ပိုမိုတည်မြဲရန် ပါကစ္စတန်နိုင်ငံအတွင်းသို့ ဒေါ်လာ ဘီလီယံနှင့်ချီ၍ ရင်းနှီးမြှုပ်နှံသည့်တိုင် နိုင်ငံ၏ ကျဆုံးနေသည့် အခြေအနေ၊ ထိုသို့မဟုတ်ပါကလည်း

အင်အားချိန်ခွင်ကာ ထိန်းသိမ်းမရနိုင်သည့် အနေအထားသို့ ဆိုက်ရောက်နေသည့်အဖြစ်မှာ မြန်မာနိုင်ငံအတွက် သင်ခန်းစာယူဖွယ် ကောင်းလှသည်။[10]

မြန်မာနိုင်ငံသည် မိမိ၏ ပြည်တွင်းမှ အချင်းချင်း သဘောထား ကွဲပြားခြားနားမှုများကို နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှု နည်းလမ်းဖြင့် အဆုံးသတ်ပြီး၊ ဘက်မလိုက်သည့် ကြားနေနိုင်ငံ အစစ်အမှန်တစ်ခုအဖြစ် ရပ်တည်စေနိုင်မည့် အင်အားတောင့်တင်းမှုလည်း ရှိစေရမည်။ ဤအနေအထားမျိုးနှင့် မပြည့်စုံသေးသမျှ ပြည်ပသြဇာလွှမ်းမိုးခံရမည့် နိုင်ငံအဖြစ်ရောက်ရန် အန္တရာယ်ကြုံတွေ့ရန်မှာ ပါကစ္စတန်ထက်ပင် ပို၍စိုးရိမ်ဖွယ် ရှိနေပါသည်။

ပါကစ္စတန်အခြေအနေထက် ပို၍ပင်ဆိုးဝါးသည့် ဖြစ်နိုင်ခြေတစ်ခု ရှိပါသည်။ လူဦးရေတစ်သန်းခန့် ရှိသည့် မူဆလင်များကို အမြစ်ဖြုတ်မည့် အဖြစ်အပျက်များ ဆက်လက်ဖြစ်ပွားမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် မူဆလင်ဘာသာနှင့် ဆက်နွယ်သည့် ပဋိပက္ခများတွင် ရစ်ပတ်နွယ်လာနိုင်ပါသည်။ ထိုအခြေအနေမှာ မြန်မာနိုင်ငံအတွက် ဝင်ပါစရာမလိုသည့် ကိစ္စပင်ဖြစ်သည်။ ဆူဒန်နိုင်ငံသည် ဒါဖောမြို့နှင့် အခြားဒေသများတွင် လူမျိုးရေးအရ အမြစ်ဖြုတ်သည့် လမ်းစဉ်ကို ကျင့်သုံးခဲ့သည်။ နောက်ဆက်တွဲရလာဒ်အဖြစ် ဆူဒန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခ ပြင်းထန်မှုနှင့် စစ်ဖြစ်ပွားခဲ့သည့် ကာလတို့အရ မြန်မာနိုင်ငံတွင် ထိုအခြေအနေ အတိုင်းအဆ၏ အနည်းငယ်သာ ဖြစ်လာသည်ဆိုစေ၊ မြန်မာနိုင်ငံအနေဖြင့် အာရှတွင်မက တစ်ကမ္ဘာလုံးတွင်ပါ အဆင်းရဲဆုံး၊ အကြမ်းဖက်မှု အလွှမ်းမိုးဆုံး၊ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ကြမ္မာငင်စေပါလိမ့်မည်။

မြန်မာနိုင်ငံသည် စစ်မှန်သည့် လွတ်လပ်မှုနှင့် ညီညွတ်ခိုင်မာမှုတို့ ရရှိရန်ရည်ရွယ်ပါက မူဝါဒများချမှတ်ရာတွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရပါမည်။ ကျောက်စိမ်းနှင့် အခြားသဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ဖော်သုံးစွဲမှုကို ဆက်လက်ပြုလုပ်ပါက တရုတ်၏အကူအညီဖြင့် "မြောက်ပိုင်းမဟာမိတ်များ" ဟု ခေါ်ဆိုကြသော တိုင်းရင်းသားအဖွဲ့များ ပေါင်းစုပြီး ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုကို ဆက်လက်အာခံနေမည့် အန္တရာယ်ရှိပါသည်။[11] တရုတ်နိုင်ငံအနေဖြင့် အစိုးရ (နှင့်၊ သို့မဟုတ် တပ်မတော်)အား ထောက်ခံရန်

---

[10] လွန်ခဲ့သည့်ဆယ်နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ အမှန်တစ်ကယ် ဂျီဒီပီတိုးတက်မှုနှုန်း တစ်နှစ်လျှင် ၄.၃%ရှိပြီး ပါကစ္စတန်မှာ ၂.၁%သာ ရှိသဖြင့် နှစ်ဆပိုမြင့်ပါသည်။ ထို့အပြင် အခြား လူမှုရေးဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများအားလုံးအတွက်လည်း အင်ဒိုနီးရှားက ပိုအမှတ်ကောင်းပါသည်။

[11] တရုတ်လူမျိုးဟူသည် မည်သူများဖြစ်သည်ဟု သတ်မှတ်ရန်မှာ အလွန်ကျယ်ပြန့်ပါသည်။ The Economist မဂ္ဂဇင်းပါ လတ်တလော ဆောင်းပါးတစ်ပုဒ်အရ တရုတ်ဆိုသည်မှာ တရုတ်ပြည်တွင်းတွင် အင်အားအကောင်းဆုံးဖြစ်သည့် ဟန်လူမျိုး မိဘဘိုးဘွားများမှ ဆင်းလက်လာသူများအပြင် တခြားနိုင်ငံသားများပါ ပါဝင်နိုင်သည်ဟု ဆိုပါသည်။ ထိုဆောင်းပါးတွင် မည်သည့် "သွေး"သည် တရုတ်ဖြစ်သည်ဟု သတ်မှတ်နိုင်သည်ကိုလည်း ရေးသားထားပါသည်။

ဖျောင်းဖျနိုင်သော်လည်း ထိုသို့ပြုလုပ်ရန်အတွက် မည်သို့ပြန်လည်ပေးဆပ်ရမည်နည်း ဆိုသည်ကိုလည်း မေးခွန်းထုတ်ဖွယ်ရှိပါသည်။ ထိုသို့ထောက်ခံမှုရရန် စာချုပ်များ၊ နိုင်ငံအတွင်းသို့ ခြေချခွင့်၊ သြဇာလွှမ်းမိုးခွင့် မည်မျှပေးရပါမည်ဆိုသည်မှာ မြန်မာနိုင်ငံအတွက် ပြင်ပဆက်ဆံရေးတွင် ဘေးကြပ်နံကြပ်အဖြစ်စေဆုံး အဓိကအချက်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ အုပ်စုအသီးသီးအနေဖြင့် တစ်ဦးနှင့်တစ်ဦး စစ်မှန်စွာ ညှိနှိုင်းဆွေးနွေးပြီး အတူတူလက်တွဲမည်ဆိုပါက အင်အားတောင့်တင်းသောနိုင်ငံ ဖြစ်လာနိုင်သည့်အပြင် တရုတ်နိုင်ငံနှင့် ကျိုးကြောင်းဆီလျော်စွာ ညှိနှိုင်းစေ့စပ်နိုင်ရန်လည်း နိုင်ငံတွင်း စည်းလုံးညီညွတ်မှု ရရှိလာနိုင်ပါသည်။ သို့သော် သွေးကွဲမှုများ ဆက်လက်ရှိနေမည်ဆိုပါက အားနည်းယုတ်လျော့ပြီး သူတစ်ပါး၏ သြဇာလွှမ်းမိုးမှုကို ခံရနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မည်သည့်အနာဂတ်ကို လိုလားသည်ဆိုသည့်အချက်ကို မြန်မာနိုင်ငံတွင် သြဇာရှိသည့် အုပ်စုအသီးသီးက ဆုံးဖြတ်ရမည်ဖြစ်သည်။

---

http://www.economist.com/news/briefing/21710264-worlds-rising-superpower-has-particular-vision-ethnicity-and-nationhood-has

## နောက်ဆက်တွဲ (က) - စာချုပ်အမျိုးအစားအပေါ် မူတည်၍ မြန်မာနိုင်ငံရရှိနိုင်သည့် ရေအားလျှပ်စစ်မှ ဝင်ငွေများ

သေချာစစ်ဆေးမှုမရှိဘဲ ချုပ်ဆိုခဲ့သည့် စာချုပ်များက နိုင်ငံတော်၏ဘဏ္ဍာကို ထိခိုက်စေခဲ့ကြောင်း မြင်နိုင်ပါသည်။ အောက်ပါတွက်ချက်ပုံတွင် ဥပမာထားသည့်ဆည်သည် မြန်မာနိုင်ငံတွင် လျာထားသည့် တာဆန်းဆည်နှင့် တူညီကြောင်း ယူဆပါသည်။ တစ်နှစ်လျှင် ၄၉၃ဂနာရီ လည်ပတ်နိုင်ပြီး လျှပ်စစ်မဂ္ဂါဝပ် ၇ဂဂဂထုတ်နိုင်သည်၊ ထုတ်လုပ်သည့်လျှပ်စစ် ကီလိုဝပ်နာရီ တစ်ယူနစ်ကို ဒေါ်လာ ခြောက်ဆင့်နှင့် ရောင်းချပြီး ဆည်တည်ဆောက်စရိတ် ဒေါ်လာ ၁၂ ဘီလီယံကိုလည်း ထည့်သွင်းတွက်ချက်ထားပါသည်။






## နောက်ဆက်တွဲ (ခ) – (၁၈၈၂) ခုနှစ်မှစ၍ မြန်မာနိုင်ငံလူဦးရေ ဘာသာကိုးကွယ်မှုအလိုက် အချိုး




စာကိုး - (၁၈၈၂)၊ (၁၉၃၁)၊ (၁၉၈၃) နှင့် (၂၀၁၄) ခုနှစ်၊ နိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်း ထုတ်ပြန်ချက်များ

မူဆလင်များ မြန်မာနိုင်ငံအတွင်းသို့ ပြောင်းရွှေ့နေထိုင်သည်၊ အခြားဘာသာဝင်များကို ဘာသာကူးပြောင်းစေသည်၊ မူဆလင်များအကြား ကလေးမွေးဖွားမှုနှုန်း အဆမတန် မြင့်မားသည် စသည့် အကြောင်းအရာများကြောင့် မြန်မာနိုင်ငံသားများ၏ ဘာသာကိုးကွယ်မှုပုံစံများ ပြောင်းလဲလာသည်၊ အထူးသဖြင့် မူဆလင်ကိုးကွယ်မှု ပိုမိုမြင့်တက်လာသည် စသည့် ပြောဆိုမှုများမှာ မမှန်ကန်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်အတွင်း အခြေအနေများနှင့်လည်း ကိုက်ညီမှုမရှိပါ။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှုမှာ အခြားဘာသာများနှင့် နှိုင်းယှဉ်ပါက ခိုင်မာလှသည့်အပြင် အခြေအနေပြောင်းသွားမည့် အရိပ်အယောင်လည်း မတွေ့ရပါ။ နောက်ဆုံးပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်းနှစ်ခုအရ ခရစ်ယာန်ဘာသာ ကိုးကွယ်မှုမှာမူ (၁၉၈၃)ခုနှစ်မှစ၍ တိုးတက်လာခဲ့ပါသည်။ နောက်ဆုံးကောက်ယူခဲ့သည့် (၂၀၁၄)ခုနှစ် သန်းခေါင်စာရင်းမှအပ ကျန်အချက်အလက်များမှာ တစ်ခုနှင့်တစ်ခု နှစ်ပေါင်းငါးဆယ်မျှ ကွာခြားပါသည်။

## နောက်ဆက်တွဲ (ဂ) - မြန်မာနိုင်ငံ၏ နိုင်ငံရေး အခင်းအကျင်း

### တပ်မတော်

*ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိပ်ပိုင်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးများ*

*အင်ဒိုနီးရှားနှင့် ပါကစ္စတန်နိုင်ငံတို့၏ အုပ်ချုပ်ရေးလမ်းနှစ်သွယ်အကြား တစ်ခုကို ရွေးချယ်နိုင်ပါသည်။ လက်ရှိ ပြဿနာများကို အမြန်ရှင်းရန် လိုအပ်ကြောင်းနှင့် အခြေအနေများ ပိုမိုတိုးတက်ရန် လိုကြောင်းကိုလည်း နားလည်သဘောပေါက်ရန် လိုပါသည်။*



### အစိုးရနှင့် လွှတ်တော်

*ဒေါ်အောင်ဆန်းစုကြည်*

*နိုင်ငံကို စုစည်းရန် ဝင်ငွေများနှင့် ထွက်ငွေများအားလုံးကို ဘဏ္ဍာရေးဝန်ကြီးဌာနမှတဆင့် ဗဟိုအစိုးရက ထိန်းချုပ်နိုင်ပါသည်။ နိုင်ငံသားအားလုံးအတွက် တူညီသည့် နိုင်ငံရေးပန်းတိုင်တစ်ရပ် ဖြစ်ပေါ်လာစေရန် ကျယ်ပြန့်သည့်၊ အားလုံးပါဝင်နိုင်သည့် မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းရပါမည်။*

### ယခင် အာဏာရပါတီနှင့် အခြားသူများ

*သွေးကွဲစေသည့် လှုပ်ရှားမှုများကို ထောက်ခံသည်။ NLD မအောင်မြင်လျှင် ၎င်းတို့ အင်အားကောင်းလာနိုင်ပါသည်။*

### ရွေးကောက်မှု မခံရသော်လည်း သက်ဆိုင်မှုရှိသည့် အုပ်စုများ

*မဟာအပေးအယူကို ဖြစ်မြောက်စေရန် ကူညီပေးနိုင်ပြီး နိုင်ငံတည်ဆောက်ရေးကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။*

### တိုင်းရင်းသား ပြည်နယ်များနှင့် လက်နက်ကိုင်တပ်ဖွဲ့များ

*ဖက်ဒရယ်စနစ်နှင့် သယံဇာတမှ အကျိုးအမြတ်ခွဲဝေခြင်းကို လိုလားသည်။ တရုတ်နှင့် မည်သို့ဆက်ဆံရေး ထားရှိမည်ဆိုသည့် အရေးပါသော ဆုံးဖြတ်ချက်ကို ချမှတ်ရပါမည်။*